## ၂။ ရှောက်သံပုရာ ရွက်ထွင်းပိုး

**Citrus leaf miner: *Phyllocnistis citrella* (Stainton, 1878)**

**Lepidoptera: Gracillariidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**



လောက်ကောင်သည် ခေါက်ထားသောအရွက်များ၏ အစွန်းဖက်တွင် အခြေချနေထိုင်ပြီးသေးငယ်ပြီးအဝါရောင် (သို့မဟုတ်) အနီရောင်သန်းသော ခြေထောက် မပါရှိသည့် အကောင် များအဖြစ်တွေ့ရသည်။ အရွယ်ရောက်ကောင်သည် သေးငယ် သောဖလံဖြစ်ကာ ရှေ့တောင်ပံထိပ်တွင် အနက်ရောင် အစက်ပါသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



လောက်ကောင်များသည်အရွက်နုပေါ်တွင်မြွေလိမ်မြွေကောင်ပုံသဏ္ဍာန်တွင်းများဖောက်၍စားသောက်ဖျက်ဆီးသည်။ရုံဖန်ရုံခါအသီးနှင့်ပင်စည်အားတိုက်ခိုက်သည်။ဆိုးဝါးစွာကျရောက်ပါကအပင်ငယ်များတွင်ကြီးထွားနှုန်းရပ်တန့်ခြင်းမျှည်းဖြစ်ပေါ်စေသည်။အပင်ကြီးများ(၅ နှစ်အထက်)များတွင်အနည်းငယ်သာဖျက်ဆီးလေ့ရှိသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | -(၂-၁၀)ရက် |
| လောက်ကောင် အဆင့် | -(၅-၂၀)ရက် |
| ရုပ်ဖုံး အဆင့် | -(၆-၂၂)ရက် |
| အကောင်ကြီး အဆင့် | -(၁-၂)ပတ် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) လိုဏ်ခေါင်းများအတွင်းနေထိုင်ဖျက်ဆီးသောကြောင့်ပိုးသတ်ဆေးအသုံးပြုနှိမ်နင်းရန်ခက်သည့်ဖျက်ပိုးဖြစ်သဖြင့်အပင်ငယ်များအရွက်နုထွက်ချိန်တွင်အရွက်နုများနှင့်ပင်စည်များအားဖျက်ပိုးရှိ/မရှိကင်း ထောက်ပါ။

(၂) အရွက်နု(၁၀%) တွင်ဖျက်ပိုးကျရောက်ပါကအရွက်နုများအားစတင်ဖြတ်ပါ။

(၃)ဖျက်ပိုးဒဏ်ခံနိုင်ရည်ရှိစေရန်ပိုတတ်ရှ်ဓါတ်မြေသြဇာကျွေးပါ။

(၄)ရေပုံမှန်သွင်းပါ။(ရေမများစေရ)

(၅)ပေါင်းမြက်များအားရှင်းလင်းပါ။

(၆)ပိုးကျထားသောပင်ကြွင်းပင်ကျန်များအားဖျက်ဆီးပါ။

(၇)မြေကြီးအတွင်းရှိရုပ်ဖုံးများသေစေရန်အပင်ခြေအားမြေဆွပါ။မြေလှပ်ပါ။

(၈) အဝါရောင်ပိုးဖမ်းထောင်ချောက်များတပ်ဆင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၉)စိုက်ခင်းအားအမြဲစောင့်ကြည့်စစ်ဆေးပါ။

(၁၀)အလင်းရောင်ထောင်ချောက်အသုံးပြု၍ဖလံများအားဖမ်းယူပါ။

(၁၁)ဘက်တီးရီးယား (*Bacillus thuringiensis* ) နှင့် မှို (*Beauveria bassiana*) အသုံးပြုနှိမ်နင်းပါ။

(၁၂)ဖီရိုမုန်းထောင်ချောက်များအသုံးပြု၍ဖလံထီးများအားဖမ်းယူပါ။

(၁၃)ထိသေ၊စားသေ(သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတမျိုးမျိုးကို ဆေးအညွှန်း အတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)
- ကလိုဖန်နာပြာ (chlorfenapyr)
- စပီနိုဆက်(Spinisad)
- လူဖီညူရွန်(Lufenuron)
- မီသိုဇိုင်ဖီနိုဇိုက် (Methoxyfenozide)
- ဆိုင်ရိုမက်ဇင်း (Cyromazine)